# ပါမောက္ခ ဒေါက်တာချစ်စိုး၏ အမှာစာ

ဒေါက်တာ ကျော်သူရမှာ စာသင်ကောင်းသူတစ်ဦးအဖြစ် ဆေးကျောင်းသူ၊ ကျောင်းသားများကြား နာမည်ရပြီးသား၊ ဆိုရှယ် မီဒီယာများတွင်လည်း အတွေးပါသော ရေးသားမှုများကြောင့် လူကြိုက်များပြီးသား၊ ပုဂ္ဂလိက ဆေးရုံကြီးများတွင်လည်း ဆီးချိုနှင့် အထွေထွေရောဂါ ကုသခံရန် ဒေါက်တာ ကျော်သူရကို စောင့်ဆိုင်းနေသော လူအုပ်ကြီးကို တွေ့ရလေ့ရှိသည်။ အထူးတလည် မိတ်ဆက်နေရန် မလိုသူ တစ်ဦး၊ ဂစ်တာတီး သီချင်းစပ်ဖြင့် အနုပညာသွေးကိုလည်း တစ်ခါတစ်ခါ မြင်ရသည်။ ယခုအခါတွင်တော့ အတွေးအမြင်များကို စုပေါင်း၍ စာအုပ်အဖြစ် မြင်ရပြီ။

၂၀း၈၀ ဆိုသော အချိုးမှာ မကြာခဏ ကြုံတွေ့ရလေ့ ရှိသော ဂဏန်းများ၊ လုပ်ငန်းတစ်ခုလုံးတွင် အရေးကြီးသော အလုပ်မှာ ၂၀ ရာနှုန်းမျှသာ ရှိတတ်သဖြင့် ထို ၂၀ ရာနှုန်းကို ဦးတည်အားစိုက် အကောင်အထည် ဖော်ရမည်။ သင်ယူသူအများတွင် ၂၀ ရာနှုန်းသာ တကယ်နားလည် ကျင့်သုံးကြပြီး ၈၀ ရာနှုန်းမှာ ကြားဖူးရုံ အဆင့်ဖြင့် ကျေနပ်နေလေ့ရှိရာ နားလည်ကျင့်သုံး တွေးတော ဖြန့်ဖြူးမည့် ၂၀ ရာနှုန်းကို သိရှိအားစိုက် မြေတောင်မြှောက်ပေးရန် လိုပါသည်။ လုပ်သက်



၃၃ နှစ်၊ ကျောင်းဆရာလုပ်သက် ၂၃ နှစ်တွင် နားလည်ကျင့်သုံးသော သင်ယူသူများနှင့် ကြုံခဲ့ရသည်။ ထိုအထဲမှ ပိုမိုရှားပါးသော တွေးတော ဖြန့်ဖြူးမည့် သူများကိုလည်း ဝမ်းမြောက်စွာ ဆုံခဲ့ရဖူးရာ ဒေါက်တာ ကျော်သူရမှာ ရှားပါးစာရင်းဝင် တစ်ဦး။

ယခုခေတ်တွင် မရှိမဖြစ် လိုအပ်လာသည့် စိစစ်တွေးတောနည်း (Critical Thinking)၊ အတွေ့အကြုံမှ သင်ခန်းစာ ထုတ်ယူစဉ်းစားနည်း (Reflective Learning) တို့ကို သူ၏ စာများတွင် တွေ့နိုင်သည်။ 'ပေါက်ပင် ဘာကြောင့် ကိုင်းရလဲ' ဟူသည့် (Root Cause Analysis)၊ ခေါင်းဆောင်မှုပညာတို့ကို ဖတ်သူနားထဲ ရှင်းသွားအောင် ဥပမာများနှင့် ဖတ်ချင်စဖွယ် ရှင်းသွားသည်မှာ ဗဟုသုတနှင့် လေးနက်သော အတွေးအခေါ်များကို ပေါ့ပေါ့ပါးပါးနှင့် စိတ်ဝင်စားအောင် ဆွဲခေါ်သွားနိုင်သည်။ ခေတ်နှင့်အညီ ကိုဗစ်ပြဿနာကိုလည်း တို့ထိထားသည်။ ကိုင်မိလျှင် လက်က မချချင်ရုံမက နောင်လည်း ပြန်ဖတ်၊ ပြန်တွေးရမည့် ကိုတာ၏ စာအုပ်များလို အိပ်ရာဘေး ထားသင့်သည့် စာအုပ်တစ်အုပ်။

**ပါမောက္ခ ဒေါက်တာချစ်စိုး**
**၂၉-၆-၂၀၂၀**

❐